# IGE GROUP

စာအမှတ် ။ ။ 2020 /IGE /CHR /M /015

နေ့စွဲ ။ ။ ၂၀၂၀ခုနှစ်၊ စက်တင်ဘာလ ( ၄ )ရက်။

To : All HR Managers

**အကြောင်းအရာ။ ။ Covid ကာလ ခရီးသွားလာခြင်းနှင့် အမိန့်ညွှန်ကြားချက်များ ဆိုင်ရာ ကိစ္စ။**

အထက်အကြောင်းအရာပါ ကိစ္စနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီ မှ (၁.၉ .၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အမိန့်အမှတ် (၉၄/၂၀၂၀) အရ လည်းကောင်း ၊ Covid-19 ကူးစက်ပြန့်ပွားလျက်ရှိသော အခြားပြည်နယ် နှင့် တိုင်းဒေသကြီးများ၏ လိုက်နာဆောင်ရွက်ရမည့် ဒေသန္တရ အမိန့်များအရ လည်းကောင်း မိမိတို့ ဝန်ထမ်းများအနေဖြင့် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ရုံးဌာနဖြစ်သည့် ရန်ကုန်ရုံး (သို့) အခြားနယ်ရုံးခွဲများ မှ ပြင်ပအခြားဒေသများ သို့ လုပ်ငန်းတာဝန်အရဖြစ်စေ ၊ ကိုယ်ရေးကိုယ်တာကိစ္စရပ်များအရ ဖြစ်စေ ခရီးသွားလာခြင်း (လုံး၀) မပြုကြပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

သို့သော် အရေးကြီးလုပ်ငန်း လိုအပ်ချက်များ နှင့် မမျှော်မှန်းနိုင်သော အခြေအနေများအရ မဖြစ်မနေ ခရီးသွားလာရမည် ဆိုပါက သက်ဆိုင်ရာ စီမံခန့်ခွဲရေးတာဝန်ရှိသူ SBU Board (သို့) SBU' Head ၏ သဘောတူ ခွင့်ပြုချက်ဖြင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခရီးသွားလာရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်အရ သွားလာရသည့် ခရီးစဉ်အတွက် ကုန်ကျနိုင်သည့် ကျန်းမာရေးစစ်ဆေးမှုဆိုင်ရာ ကိစ္စရပ်များကို ကုမ္ပဏီမှ ကျခံသုံးစွဲသွားရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့ဝန်ထမ်းများ အနေဖြင့် ယခုကာလအတွင်း ခရီးသွားလာခြင်းကို အထူးအလေးထား သတိပြုရှောင်ကြဉ်ကြရမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရမှထုတ်ပြန်ထားသော Covid-19 ဆိုင်ရာအမိန့်ညွှန်ကြားချက်များ ၊ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြပါရန် နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အတည်ပြုပြဋ္ဌာန်းထားသော ဝန်ထမ်းရေးရာ မူဝါဒများ နှင့်အညီ အရေးယူ ဆောင်ရွက်ခံရမည် ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

လေးစားစွာဖြင့်

Aung Thurein
General Manager
Corporate HR

CC- (၁) BoDs (SBUs)
(၂) Head of SBUs
(၃) Head of Finance (SBUs)
(၄) Corporate Secretary Office

(៧) Financial Controller – Corporate Office

(៨) Head of Admin (SBUs)